**(၁)** ကော်ဖီသံချေးရောဂါ **(Coffee rust)**

**ရောဂါဖြစ်စေသောသက်ရှိ - *Hemileia vastatrix* Berkeley & Broome**

**ရောဂါလက္ခဏာ**

အရွက်အပေါ်မျက်နှာပြင်တွင် အစိမ်းရောင်ပျက် (သို့) အဝါဖျော့ရောင် အကွက်များ၊ အရွက်အောက်မျက်နှာပြင်တွင် အဝါ(သို့) လိမ္မော်ရောင်မှုံကွက်များ၊ မှိုမျှင်စုလေးများကိုတွေ့ရသည်။ ရောဂါပြင်းထန်လာပါက ရောဂါကွက်များပေါင်းစပ်သွားပြီး ပုံသဏ္ဍာန်မမှန်သော အကွက်ကြီးများဖြစ်သွားသည်။ နောက်ပိုင်းတွင် ရောဂါရအရွက်သည် ကြွေကျသွားသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ကြွေကျနေသောရောဂါရ အရွက်များအားမီးရှို့ဖျက်ဆီးပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက Copper (ကော့ပါး)ပါဝင်သောဆေး၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) စသော မှိုသတ်ဆေးများ ဖြင့် အသုံးပြု ပက်ဖျန်းနိုင်သည်။